# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 10, 2025 Volume 91, Number 7


၁၀.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၂.၈၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၉.၆၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၄၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၆၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပေါင်းတည်မြို့နယ်၌ ဘဲမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ဒေသတွင်းမွေးမြူရေး ထုတ်ကုန်ကဏ္ဍတိုးတက်စေရေး ဘဲမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

ပေါင်းတည်မြို့နယ်၌ ရေမြေအနေအထား၊ ရာသီဥတုကောင်းမွန်မှုကြောင့် ဒေသခံများအနေဖြင့်ယခင်ကတည်းကဘဲမွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း၊ အသားစားနှင့်ဥစားအတွက် မန်ဒါလီ၊ ဘဲငန်းနှင့်ဒေသအခေါ် ကရင်ဘဲများ မွေးမြူ ကြကြောင်း သိရသည်။


လက်ရှိအချိန်တွင် ဘဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသည် သားငါး ၊ ဘဲဥ ၊ ကြက်ဥဈေးကောင်းရရှိမှုနှင့် စားသုံးသူများပြားလာမှုတို့ကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိရာ စားသုံးသူပြည်သူများဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေး နှင့် ဒေသတွင်း မွေးမြူရေးထုတ်ကုန်ကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ဖြည့်ဆည်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသတွင်း စားရေရိက္ခာဖူလုံပြည့်စုံပြီး သက်သာချောင်ချိရေးအတွက်စပါး၊ ပဲ၊ နှမ်း၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက မွေးမြူရေးလုပ်ငန်းများလည်း ပြန်လည်ဖွံ့ဖြိုးလာစေရန် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်စေရေး၊ မွေးမြူရေးအစာများ အဆင်ပြေစွာရရှိစေရေးအပြင် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကြောင့် ကြူတောကန်ကျေးရွာနှင့် နတ်ပုတီးကျေးရွာတို့ရှိ ဘဲမွေးမြူရေးခြံများ၌

ဘဲအကောင်ငါးထောင်ကျော်မွေးမြူနိုင်ခဲ့ကာ ယခုအခါ အောင်မြင်ဖြစ်ထွန်းသည့် အတွက် မွေးမြူသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## မက်မန်းသီးဈေးကွက်



မြင်းခြံဈေးကွက်သို့ ရောင်းချနေသော မက်မန်းသီးများမှာ မန္တလေးမြို့အတွင်းရှိ သစ်သီးပွဲရုံများနှင့် ပြင်ဦးလွင်ဒေသထွက်တို့ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇွန်လပထမပတ်တွင် မက်မန်းသီး (အစိမ်း) ၂၅ ကျပ်သားလျှင် ၃၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၅၀၀၀ ကျပ်၊ တစ်ပိဿာလျှင် ၉၅၀၀ ကျပ် ပေါက်ဈေးရှိကြောင်း၊ အရောင်းအဝယ်လည်းကောင်းမွန်ကြောင်း သစ်သီးရောင်းချသူတစ်ဦးထံက သိရသည်။

မက်မန်းသီးသည် ကျန်းမာရေးအတွက် အထောက်အကူပြုသော အာဟာရဓာတ်များကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားကောင်းစေပြီး အရွယ်မတိုင်ခင် အိုမင်းရင့်ရော်မှုကို ကာကွယ်ပေးကြောင်း၊ သွေးပေါင်ချိန်ထိန်းညှိပေး၍ နှလုံးကျန်းမာရေးကိုလည်း အထောက်အကူပြုကြောင်း၊ အမျှင်ဓာတ်ကြွယ်ဝမှုကြောင့် ဝမ်းချုပ်ခြင်းကိုကာကွယ်ပေးပြီး အစာခြေစနစ်ကိုကောင်းမွန်စေကြောင်း၊ မျက်စိမှုန်ခြင်းနှင့် အရိုးပွရောဂါကို ကာကွယ်ပေးကြောင်း သိရသည်။

မက်မန်းသီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် အမျိုးမျိုးပြုပြင်ထုတ်လုပ်ကြောင်း၊ မက်မန်းပေါင်း၊ မက်မန်းသီးအချိုနှင့် အချဉ်ပေါင်း၊ မက်မန်းအစပ်ချဉ်၊ မက်မန်းခြောက်၊မက်မန်းယိုမျိုးစုံ၊ မက်မန်းချိုချဉ်နှင့်မက်မန်းဖျော်ရည်၊ မက်မန်းဝိုင်တို့သည် မက်မန်းသီး၏ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် လူကြိုက်လူငယ်၊ ဘာသာမရွေးဝယ်ယူစားသောက်ကြကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၆-၂၀၂၅ မှ ၆-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၇၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၂၉၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၂,၇၁၅,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ် အတွင်း မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၁၅,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃၇,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲကွန်တိန်နာ ၂၅ လုံး(တန်ချိန် ၆၀၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရေတ် (သစ်) AC ကျပ် ၇,၅၀၀၊ မြားနီ ကျပ် ၉,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၇,၀၀၀ ၊ မိုးထောင်မြစ်ဝပု ကျပ် ၈,၀၀၀ နှင့် မြစ်ဝပု(သစ်) ကျပ် ၁၅၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၂၆၀၀ (၅၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀( ၇၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၈၀၀ (၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၈၀၀ (၁၆,၀၀၀ ပိဿာ)လျော့နည်း ဝင်ရောက်ခဲ့ပြီး ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၅၆၀၀ နှင့် မန်ကျည်းအသား(သစ်)ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်း အသား(သစ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများ မှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၅၇၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၀၀၀၊ ပခုက္ကူကြိမ်း ကျပ် ၅၆၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၂၀၀၊ ကြံသကာ ကျပ် ၅၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂-၆-၂၀၂၅ မှ ၆-၆-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၄၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၉၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၆၀၀၊ မုံရွာ လတ်ကြီး ကျပ် ၁၅၀၀၊ မုံရွာလတ်သန့် ကျပ် ၁၄၀၀ နှင့် မုံရွာလတ်ချော ကျပ် ၉၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူလတ်ချော ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး မုံရွာသစ်ရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့သည်။ ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၀၅ စီး (၆၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၀ စီး (၇၂၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင် အပတ်ထက် ကားစီးရေ ၁၅ စီး (၉၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန် ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၉၀၀၀၊ အောင်ပန်းထူး - ၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၇၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၃၀၀ (၁၂၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၄၀၀ (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန် ဖြူအိတ် ၉၀၀ (၂၇,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဟဲဟိုးမြို့နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာဟဲဟိုး A1 ကျပ် ၂၅၀၀၊ ဟဲဟိုး Ok ကျပ် ၂၈၀၀ ၊ ဟဲဟိုး S1 ကျပ် ၂၈၀၀၊ ဟဲဟိုး S2 ကျပ် ၂၇၀၀ နှင့် တရုတ် အာလူး ကျပ် ၃၁၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟဲဟိုး A1 ကျပ် ၂၀၀၊ ဟဲဟိုး Ok ကျပ် ၂၀၀၊ ဟဲဟိုး S1 ကျပ် ၂၀၀၊ ဟဲဟိုး S2 ကျပ် ၁၀၀ နှင့် တရုတ်အာလူး ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကားစီးရေ ၄၀ စီး (၂၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီး ရေ ၅ စီး(၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရင်ကွဲသရက်သီးအလုံး ၅၇၀,၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ရင်ကွဲသရက်သီးအလုံး ၅၇၀,၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ သရက်သီးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလက ရင်ကွဲသရက်သီး အလုံး ၃၅၀,၀၀၀ ခန့် တင်ပို့ ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ရင်ကွဲသရက်သီး အလုံး ၅၇၀,၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသ၌ ယခုအချိန်သည် ရင်ကွဲသရက်သီးများပေါ်နေချိန်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် သရက်သီးဈေးနှုန်းက အားလုံးအဆင်ပြေတဲ့ဈေးပါ။ ရန်ကုန်ဈေးကွက်ကလည်း အဝယ်လိုက်နေပါတယ်။ သရက်သီးရာသီကုန်တဲ့အချိန်ထိ ကျိုက်လတ်မြို့နယ်ဘက်မှာ ဈေးကောင်းနေမယ်လို့ယူဆပါတယ်။ သရက်သီးအရွယ်ကတော့ ညီရတယ်။ အခုလို သရက်သီးဈေးကောင်းလာတဲ့အပြင် အဝယ်ပါလိုက်လာတော့ ဒေသခံစိုက်ပျိုးတောင်သူတွေလည်း အဆင်ပြေတယ်။ ကျိုက်လတ်မြို့နယ်ဘက်မှာက အခုမှသရက်သီးတွေ ထွက်နေတာပါ။ ဒေသထွက် သရက်သီးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်"ဟု ၎င်းကပြောသည်။

ကျိုက်လတ်မြို့နယ်၌ ဒေသထွက် ရင်ကွဲသရက်သီးမှည့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး၊ ရင်ကွဲသရက်သီးအပြင် ရွှေဟင်္သာ၊ စိန်တလုံး၊ မချစ်စုစသည့် သရက်သီးများလည်းထွက်ရှိကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## ကန့်ဘလူမြို့၊ မြို့မဈေးတွင် ရောင်းချလျက်ရှိသော သလဲသီးဈေးနှုန်းအခြေအနေ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့ရှိ မြို့မဈေးတွင် သလဲသီးများကို ရောင်းချလျက်ရှိသည်။

သလဲသီးများကို နေအိမ်ခြံစည်းရိုးများတွင်စိုက်ပျိုးပြီး မိမိတို့အိမ်တွင် စားသုံး၍ပိုလျှံသည့် အသီးများကို ကန့်ဘလူမြို့မဈေးသို့ လာရောက်ရောင်းချကြောင်း သိရသည်။

သလဲသီး၏အခွံသည် အနီရောင်ဖြစ်ပြီး အတွင်းသားများသည် အရည်ရွှမ်းပြီး အရသာရှိသောကြောင့် သွားရည်စာအဖြစ်အများဆုံး စားသုံးကြကြောင်း၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ဒုတိယပတ်အတွင်း သလဲသီး အသေး ၁ လုံးလျှင် ၅၀၀ ကျပ်၊ သလဲသီးအကြီး ၁ လုံးလျှင် ၁၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ လူကြီးလူငယ်မရွေး ကြိုက်နှစ်သက်သောကြောင့် ရောင်းအားကောင်းကြောင်း ကုန်စိမ်း

ရောင်းချသူထံက သိရသည်။

**Source: DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## အမေရိကန်ထံမှ ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိ လယ်ယာထွက်ကုန်များ ဗီယက်နမ်တင်သွင်းမည်



နှစ်နိုင်ငံအကြား ကုန်သွယ်ရေးသဘောတူညီချက် အသစ်တစ်ရပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် ဗီယက်နမ်ကုမ္ပဏီများသည် အမေရိကန်ဒေါ်လာ ၂ ဘီလီယံတန်ဖိုးရှိသော အမေရိကန်လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များကို ဝယ်ယူရန်အတွက် အမေရိကန်ဘက်မှ မိတ်ဖက်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးဝန်ကြီးဌာနက ဇွန်လ ၃ ရက်နေ့တွင် ကြေညာခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့် ဦးဆောင်သော အမေရိကန်အစိုးရသည် ဗီယက်နမ်နိုင်ငံထံမှတင်သွင်းသည့် ကုန်စည်များအပေါ် သွင်းကုန်အခွန် ၄၆ ရာခိုင်နှုန်းအထိ စည်းကြပ်မည့်အပြန်အလှန် အကောက်ခွန်မူဝါဒကို ချမှတ်ထားသည်။ အဆိုပါ မူဝါဒအကောင်အထည်ဖော်ခြင်းကို ဇူလိုင်လအထိ ယာယီရွှေ့ဆိုင်းထားသော်လည်း အကယ်၍ အခွန်စည်းကြပ်မှုများ အာဏာသက်ရောက်ပါက ဗီယက်နမ်၏ အဓိကပို့ကုန်ဈေးကွက်ဖြစ်သည့် အမေရိကန်သို့ တင်ပို့မှုအပေါ် အခြေခံနေသော စီးပွားရေးကြီးထွားမှုပုံစံကို ကြီးမားစွာ ထိခိုက်စေနိုင်ကြောင်း သိရသည်။

ဗီယက်နမ်စိုက်ပျိုးရေးဝန်ကြီး Do Duc Duy ဦးဆောင်လျက် ဗီယက်နမ်ကုမ္ပဏီ ၅၀ မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့၏အမေရိကန်ခရီးစဉ်အတွင်းလက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်များတွင် ၃ နှစ်အတွင်း အမေရိကန်နိုင်ငံ၊ အိုင်အိုဝါပြည်နယ်မှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ တန်ဖိုးရှိသော ကုန်ပစ္စည်းများကို ဝယ်ယူမည့် နားလည်မှုစာချွန်လွှာ (MOU) ၅ စောင်ပါဝင်ကြောင်း၊ အိုင်အိုဝါပြည်နယ်နှင့် ချုပ်ဆိုသည့် MOU များတွင် ပြောင်း၊ ဂျုံ၊ အခြောက်ခံကဇော်ဖတ်နှင့် ပဲပုပ်ဆီကြိတ်ဖတ်ဝယ်ယူမှုများ ပါဝင်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချနိုင်ရေး အမေရိကန်သွင်းကုန်များအား ပိုမိုခွင့်ပြုရန် ဗီယက်နမ်ဘက်မှ ကတိကဝတ်ပေးမှုနှင့်အတူ ဗီယက်နမ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ တို့သည် ကုန်သွယ်ရေး သဘောတူညီချက်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။ ယခင်နှစ်၌ ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် အမေရိကန်နိုင်ငံအနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာသည် ၁၂၃ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်တွင် အမေရိကန်နိုင်ငံထံမှ ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံတန်ဖိုးရှိ သော လယ်ယာ ထွက်ကုန်များကို ဝယ်ယူခဲ့ပြီး ၎င်း၏ ကိုယ်ပိုင်စိုက်ပျိုးရေးထုတ်ကုန်များကို အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၆၈ ဘီလီယံ ရှိခဲ့ကြောင်း Vietnam News Agency က ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် Boeing လေယာဉ်များနှင့် သဘာဝဓာတ်ငွေ့ရည် (LNG) အပါအဝင် အခြားသော အမေရိကန်ထုတ်ကုန်များကိုလည်း ဝယ်ယူရန် ကတိပြုထားသည်။

ဗီယက်နမ်နိုင်ငံသည် အတုအပ ပစ္စည်းများနှင့်ဒီဂျစ်တယ်မူပိုင်ခွင့် ချိုးဖောက်မှုများအတွက် အဓိက ဗဟိုချက်မတစ်ခုအဖြစ်တည်ရှိနေသည်ဟု အမေရိကန်ဘက်မှ စွပ်စွဲပြောဆိုမှု ဖြစ်ပေါ်ခဲ့အပြီးတွင် ထိုသို့သော တရားမဝင်လုပ်ဆောင်မှုများကို ပြင်းထန်စွာနှိမ်နင်းရန် ဗီယက်နမ်နိုင်ငံက ကတိပြုထားသည်။

Source:TheBusinessTimes,3June2025

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## မလေးရှားသို့ တစ်လလျှင် ဆန်တန်ချိန် ၂၀၀၀ အင်ဒိုနီးရှားတင်ပို့မည်



အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အိမ်နီးချင်း မလေးရှားနိုင်ငံသို့တစ်လလျှင်ဆန်တန်ချိန် ၂၀၀၀ ကို ၎င်းနှင့် နယ်နိမိတ်အနီးဆုံးဖြစ်သော West Kalimantan ပြည်နယ်မှ အဓိကရယူတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီး Amran Sulaiman က မေ ၃၀ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ရာ၌ မလေးရှားနိုင်ငံနှင့် ဆန်တင်ပို့မှုသဘောတူညီချက်ကို စီးပွားရေးလုပ်ငန်းရှင်အချင်းချင်းကြား (B2B) ချိတ်ဆက်မှု စနစ်အပေါ် အခြေခံ၍ လုပ်ကိုင်မည်ဖြစ်ကြောင်း၊ ဆန်ကို West Kalimantan ပြည်နယ်တစ်ခုတည်းမှ တင်ပို့ခြင်းမဟုတ်ဘဲ မလေးရှားနိုင်ငံနှင့် ထိစပ်လျက်ရှိသော အခြားဒေသများမှ ကုမ္ပဏီ များသည်လည်း တင်ပို့မှုတွင် ပါဝင်နိုင်ကြောင်း၊ ဆန်တင်ပို့မှု စတင်မည့် နေ့ရက်ကို ပါဝင်ဆောင်ရွက်သည့် ပို့ကုန်လုပ်ငန်းရှင် များကသာ ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဆန်တင်ပို့သူများသည် အလယ်အလတ်မှ ပရီမီယံထိပ်တန်း အရည်အသွေးရှိသော မည်သည့် ဆန်အမျိုးအစားကိုမဆို တင်ပို့နိုင်ကြောင်း၊ သို့သော် ပြည်တွင်းဆန်လိုအပ်ချက် ပြည့်မီရေးသည် အစိုးရ၏ ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများသို့လည်း ဆန်ထောက်ပံ့ရန် အသင့်ရှိကြောင်းနှင့် ဆန်လိုအပ်နေသည့် အိမ်နီးချင်းနိုင်ငံများအတွက် ထောက်ပံ့နိုင်ရေးပြင်ဆင်ထားရန် သမ္မတ Prabowo Subianto ကလည်း ညွှန်ကြားထားပါကြောင်းMr. Sulaiman က ဆက်လက်ပြောကြားခဲ့သည်။

သမ္မတ Prabowo သည် အဆိုပါ ဆန်တင်ပို့မည့်အစီအစဉ်ကို အတည်ပြုထားပြီးဖြစ်သည် ဟု စိုက်ပျိုးရေးဒုတိယဝန်ကြီး Sudaryono က မေ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှားကုမ္ပဏီများဘက်မှတစ်လလျှင်ဆန်တန်ချိန်၂၀၀၀ ကိုဝယ်ယူလိုကြောင်းအဆိုပြုထားသော်လည်း ၎င်းပမာဏသည် အင်ဒိုနီးရှား၏ ထောက်ပံ့နိုင်စွမ်းအပေါ် မူတည်၍ ပြောင်းလဲနိုင်ကြောင်း၊ ထိုသို့ ဆန်တင်ပို့ရန်ကိစ္စနှင့်ပတ်သက်၍ မလေးရှားနိုင်ငံနှင့် ဆွေးနွေးထားပြီးဖြစ်ကြောင်း၊ ယခုအခါ အင်ဒိုနီးရှားနိုင်ငံသည် ဆန်တင်ပို့မှုမစတင်မီ မလေးရှားဘက်မှ ဆန်တင်ပို့မှုလုပ်ငန်းဆောင်ရွက်မည့်လုပ်ငန်းစနစ်နှင့်တရားဝင်အတည်ပြုချက်တို့ကိုရရှိရန်စောင့်ဆိုင်းနေကြောင်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံပိုင် ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီ Bulog သည် မေ ၃၀ ရက်နေ့အထိ ပြည်တွင်းရှိ တောင်သူများထံမှ ဆန်တန်ချိန် ၂ ဒသမ ၄ သန်းခန့်ကို ဝယ်ယူထားရှိပြီး လက်ရှိကာလတွင် နိုင်ငံတော် အရန်ဆန်သိုလှောင်မှုမှာ တန်ချိန် ၄ သန်းကျော်ရှိကြောင်းသိရသည်။

Source:AntaraNews,30May2025

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## အင်ဒိုနီးရှားနိုင်ငံမှ တရုတ်သို့ L–Tryptophan ၁၂၈ တန်တင်ပို့




အင်ဒိုနီးရှားနိုင်ငံသည်Pasuruan မြို့ရှိ PT Cheil Jed ang Indonesia (CJI) စက်ရုံမှ အမေရိကန်ဒေါ်လာ ၉၀၀,၀၀၀ တန်ဖိုးရှိ အမိုင်နိုအက်ဆစ်ထုတ်ကုန် L–Tryptophan ၁၂၈ တန်ကို တရုတ်နိုင်ငံသို့ ဇွန်လ ၃ ရက်နေ့က တင်ပို့ခဲ့ကြောင်း သိရသည်။

ထိုတင်ပို့မှုသည်နိုင်ငံ၏ ရေနံမဟုတ်သော သဘာဝဓာတ်ငွေ့တင်ပို့မှု အထူးသဖြင့် ဇီဝနည်းပညာ အခြေခံဓာတု

စက်မှုကဏ္ဍအား သိသိသာသာ အထောက်အကူပြုကြောင်း ကုန်သွယ်ရေးဝန်ကြီး Budi Santoso က သတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

L-Tryptophan သည် ကြက်နှင့်ကျွဲ၊ နွားများကဲ့သို့သော တိရစ္ဆာန်အစာများ ထုတ်လုပ်ရန်အတွက် စက်မှုလုပ်ငန်းတွင် အသုံးပြုသောမရှိမဖြစ်လိုအပ်သော ကုန်ကြမ်းဖြစ်သည်။

ဤထုတ်ကုန်သည် မွေးမြူရေးကဏ္ဍတွင် ဖြည့်စွက်စာအဖြစ် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ၂၀၂၄ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ L-Tryptophan တင်ပို့မှု စုစုပေါင်းသည် ဒေါ်လာ ၂၅၉ သန်းအထိရှိပြီး တရုတ်နိုင်ငံသို့ ၎င်းစုစုပေါင်း၏ ၆၁ ဒသမ၇ ရာခိုင်နှုန်းတင်ပို့ခဲ့သည်။


PT CJI ၏ L-Tryptophan ကို တရုတ်၊ ဗီယက်နမ်၊ နယ်သာလန်၊ စပိန်နှင့် ဂျာမနီနိုင်ငံတို့ အပါအဝင် အဓိကတင်ပို့သော နိုင်ငံများမှ အင်ဒိုနီးရှားနိုင်ငံသည် စုစုပေါင်းနိုင်ငံခြားဝင်ငွေ ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအထိရောက်ရှိခဲ့ကြောင်းသိရသည်။

PT CJI မှ စီမံခန့်ခွဲရေး ဒါရိုက်တာ Iman Nachrowim ကုမ္ပဏီသည် ၂၀၁၀ ခုနှစ်မှစတင်ကာ L-Tryptophan တန်ချိန် ၃၅၀,၀၀၀ ကို နိုင်ငံပေါင်း ၉၀ သို့ တင်ပို့ခဲ့ကြောင်းပြောကြားခဲ့သည်။

**Source: DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (10.6.2025)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,382 (Shares) | 3,905,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | +0 | +0.00% | 6,800 | 6,800 | 6,600 | 180 | 1,198,800 | 33,109,694 | 225,146 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | -400 | -5.19% | 7,700 | 7,700 | 7,300 | 13 | 96,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 100 | 180,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,900 | +100 | +3.57% | 2,900 | 2,900 | 2,900 | 17 | 49,300 | 12,823,224 | 37,187 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,650 | 1,650 | 1,600 | 655 | 1,066,750 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 3,900 | 27 | 106,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 390 | 1,209,000 | 23,804,946 | 73,795 |



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 10th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.39 | -1.79 | -0.51% | 350.38 | 350.38 | 344.11 | 1,382 | 3,905,950 | 8 | 655,244 |

**Index chart**

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 10th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 1,382 (Shares) | 3,905,950 (MMK) |

## Main Board

As of 1:00 pm, 10th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,382 (Shares) | 3,905,950 (MMK) |

| MYANPIX | 347.39 ▼ 1.79 |
|---|---|
| Total Volume (shares) | 1,382 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 655,244 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,300 | ▼ 400 |
| FPB | 00004 | 1,800 | ▼ 50 |
| TMH | 00005 | 2,900 | ▲ 100 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |

TIR